**သင်၏ဆေး - Metropolol ________ mg**

**<u>ဘာကြောင့် ကျွန်တော်/ကျွန်မ ဤဆေးကိုသောက်ရပါသနည်း?</u>** သင့်တွင် သွေးတိုးရောဂါရှိသည်။ ကုသမှုမရှိလျှင် သွေးတိုးရောဂါသည် အန္တရာယ်ရှိသည်။ ၎င်းသည် လေဖြတ်ခြင်းများ နှင့် နှလုံးဖောက်ပြန်မှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ကုသမှုမရှိသည့်သွေးတိုးရောဂါကြောင့် သင့်အသက်ဆုံးရှုံးနိုင်ပါသည်။

**<u>ဤဆေးကို မည်သို့ သောက်ရမည်နည်း?</u> အစားအစာစားသုံးနေချိန်တွင် နေ့စဉ် ဆေး ၁ လုံးသောက်ပါ။**

**<u>ဤဆေးသောက်သည့်အချိန်တွင် ကျွန်တော်/ကျွန်မ မည်သည့်အရာကိုခံစားရမည်နည်း?</u>** ဆေးသောက်ခြင်းကြောင့် ဘေးထွက်ဆိုးကျိုးများ ရံဖန်ရံခါ ရှိသည်။ ဘေးထွက်ဆိုးကျိုးဟူသည်မှာ ပုံမှန်မဟုတ်သည့်အရာတစ်ခုခုကို သင်ခံစားရခြင်းဖြစ်သည်။ သင်၏ခန္ဓာကိုယ်သည် ဆေးကိုနေသားကျလာသောအခါ ဘေးထွက်ဆိုးကျိုးများအချို့မှာ Metoprolol သောက်ခြင်းကြောင့်ဖြစ်ပေါ်လာ၍ မူးဝေခြင်း၊ ဝမ်းလျှောခြင်း၊ မောပန်းခြင်း၊ အနည်းအကျဉ်း ယားယံခြင်း သို့မဟုတ် ယားခြင်းတို့ ပါဝင်နိုင်ပါသည်။

ဘေးထွက်ဆိုးကျိုးများအချို့မှာ မကြာခဏဖြစ်ပေါ်မှုမရှိသော်လည်း ပြင်းထန်နိုင်ပါသည်။ **အင်ပြင်ကွက်ထခြင်း၊ မျက်နှာ၊ နှုတ်ခမ်း၊ လျှာ သို့မဟုတ် လည်ချောင်း ရောင်ကိုင်းလာခြင်း၊ အသက်ရှုရန် ခက်ခဲခြင်းတို့ ဖြစ်ပေါ်ပါက 911 ခေါ်ပါ သို့မဟုတ် အရေးပေါ် ခန်းသို့ချက်ချင်းသွားပါ။**

**<u>နောက်ထပ်မည်သည့်အရာများ ကျွန်တော်/ကျွန်မ သိရန်လိုအပ်ပါသနည်း?</u>**

1. သင်နေကောင်းသော်လည်း ဤဆေးကို သင်နေ့တိုင်းသောက်ရမည်။
2. ဤဆေးကို သင်လတိုင်းပြန်ဖြည့်ရမည်။
3. မတူညီသည့်ဆရာဝန်၏ရုံးခန်း၊ ဆေးခန်း၊ သို့မဟုတ် အရေးပေါ်ခန်းသို့ သင်သွားပြသပါက၊ ၎င်းတို့အား သင့်တွင်သွေးတိုးရောဂါရှိကြောင်းနှင့် Metoprolol သောက်နေကြောင်း ပြောပြပါ။
4. သင့်တွင် နှလုံးရောဂါအပြင်းအထန်ရှိကြောင်း ရှာဖွေဖော်ထုတ်သိရှိပါက၊ သွေးလည်ပတ်ခြင်း ပြဿနာအပြင်းအထန်များ သို့မဟုတ် နှလုံးရပ်ခြင်း သို့မဟုတ် နှလုံးခုန်နှုန်းနှေးကွေးခြင်းကြောင့် သင့်ကိုမေ့လဲကျစေခြင်းသမိုင်းကြောင်းရှိပါက ဤဆေးကို သင်သောက်၍မရပါ။ သင်၏ဆရာဝန်ကို ချက်ချင်း ပြောပြပါ။
5. နှလုံး နှင့် သွေးစီးဆင်းမှုကို ထိခိုက်စေသည့် မည်သည့်ဆေးနှင့်မဆို ဓါတ်မတည့်ပါက၊ ဤဆေးကို သင်သောက်၍မရပါ။ ဤဆေး၏အမည်မှာ Atenolol ဖြစ်နိုင်သည်။ သင်၏ဆရာဝန်ကို ချက်ချင်း ပြောပြပါ။

“ဤအကြောင်းအရာမှာ သတင်းအချက်အလက်အဖြစ်သာ ရည်ရွယ်သည်ဖြစ်သောကြောင့် ဆေးပညာရှင်၏ အကြံပေးချက်အဖြစ် မခံယူသင့်ပေ။ ရောဂါအခြေအနေ သို့မဟုတ် ကုသမှုတို့နှင့် ပတ်သက်သော မည်သည့် မေးခွန်းများကိုမဆိုသင်မေးချင်ပါက သင်၏ဆရာဝန် သို့မဟုတ် အခြားအရည်အချင်းပြည့်မှီသော ကျန်းမာရေးထောက်ပံ့သူ၏အကြံဉာဏ်ကို အမြဲတမ်းရှာဖွေရယူပါ။”